# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၃ / ၂၀၀၇

ရန်ကုန်မြို့၊ ၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၂ ရက်။

(၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

မြေသြဇာဥပဒေ ပုဒ်မ - ၄၈ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် မြေသြဇာဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) ဥပဒေ ဆိုသည်မှာ မြေသြဇာဥပဒေကို ဆိုသည်။

(ခ) မြေသြဇာမှတ်ပုံတင် ဆိုသည်မှာ မြေသြဇာအမျိုးမျိုးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ မြေသြဇာကော်မတီက မြေသြဇာအာနိသင် ထိရောက်မှု ရှိခြင်း၊ လူကျန်းမာရေးနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်မရှိခြင်းတို့ကို အခြေခံ၍ စီစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ယင်းမြေသြဇာကို မှတ်ပုံတင်ပေးခြင်းကို ဆိုသည်။

(ဂ) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ ဥပဒေနှင့်အညီ မြေသြဇာကော်မတီက ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဃ) ပြင်ဆင်မှတ်ပုံတင်ခြင်း ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မြေသြဇာနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်လို၍ မှတ်ပုံတင်အဖွဲ့သို့ ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားလာသည့်အခါ စိစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ပြင်ဆင်မှတ်ပုံတင် ပေးခြင်းကို ဆိုသည်။

(၁) မြေသြဇာအမျိုးအစားပြောင်းလဲခြင်း၊

(၂) အာဟာရဓာတ် ပါဝင်မှု အချိုးနှုန်းထား ပြောင်းလဲခြင်း၊

(၃) အရည်အသွေး အာမခံချက် စံချိန်စံညွှန်းနှင့် အမှတ်တံဆိပ်များ ပြောင်းလဲခြင်း။

(င) လိုင်စင် ဆိုသည်မှာ မြေသြဇာနှင့် စပ်လျဉ်း၍ ပေါင်းစပ်ခြင်း ရောနှောခြင်း ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာသည့်အခါ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ပြည်နယ်/တိုင်းမန်နေဂျာက မြေသြဇာအာနိသင်ထိရောက်မှုရှိခြင်း၊ လူနှင့်ပတ်ဝန်းကျင်အား အန္တရာယ်မရှိခြင်း၊ မြေသြဇာဥပဒေနှင့်ညီညွတ်ခြင်း တို့အပေါ် အခြေခံ၍ စိစစ်သုံးသပ်ပြီး ကျေနပ်မှုရှိသဖြင့် ယင်းမြေသြဇာ လုပ်ငန်းကို လိုင်စင်ခွင့်ပြုထုတ်ပေးခြင်းကို ဆိုသည်။

(စ) သုံးစွဲရမည့်ပုံစံ ဆိုသည်မှာ မြေသြဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် သို့မဟုတ် လိုင်စင်ထုတ်ပေးရန်ကိစ္စများတွင် မှတ်ပုံတင်ပေးရန် သို့မဟုတ် လိုင်စင်တွင် မြေသြဇာကော်မတီ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ပြည်နယ်/တိုင်းမန်နေဂျာက သတ်မှတ်ပေးသည့် သုံးစွဲရမည့် နည်းလမ်းများကိုဆိုသည်။

(ဆ) ပုံစံများ ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပုံစံများကိုဆိုသည်။

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဈ) ပြည်နယ်/တိုင်းမန်နေဂျာ ဆုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပငန်း ပြည်နယ်/တိုင်းမန်နေဂျာကို ဆိုသည်။

## အခန်း(၂)
## မြေသြဇာကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း

၃။ မြေသြဇာကော်မတီသည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် အစည်းအဝေးကို (၃) လတစ်ကြိမ် ပြုလုပ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌက လိုအပ်သည်ဟု ယူဆလျှင် မည်သည့်အချိန်တွင်မဆို အစည်းအဝေးပြုလုပ်နိုင်သည်။ ယင်းအစည်းအဝေးတွင် လိုအပ်ပါက ပြင်ပကျွမ်းကျင်သူ ပညာရှင်များကို လည်းကောင်း မှတ်ပုံတင် လျှောက်ထားသူကို လည်းကောင်း တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄။ မြေသြဇာကော်မတီ၏ အစည်းအဝေးတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည် ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်သည့်အခါ ယင်းကတာဝန်ပေးအပ်သူ အဖွဲ့ဝင်က သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅။ အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ထက်ပို၍ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၆။ မြေသြဇာကော်မတီ၏ အစည်းအဝေးတွင် မှတ်ပုံတင်ထုတ်ပေးသည့် ဆုံးဖြတ်ချက်မှအပ ကျန်ဆုံးဖြတ်ချက်များကိုအဖွဲ့ဝင်အနည်းဆုံး ၆၀ ရာခိုင်နှုန်း၏ ဆန္ဒမဲဖြင့်ဆုံးဖြတ်ရမည်။ ထောက်ခံမဲနှင့် ကန့်ကွက်မဲ တူညီနေသည့်ကိစ္စရပ်တွင် သဘာပတိက ဆုံးဖြတ်ပေးနိုင်သည်။ မှတ်ပုံတင် ထုတ်ပေးသည့် ကိစ္စတွင်မူ အဖွဲ့ဝင် ၇၅ ရာခိုင်နှုန်းက သဘောတူမှသာလျှင် အတည်ဖြစ်သည်။

၇။ မြေသြဇာကော်မတီသည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် -

(က) မြေသြဇာ မှတ်ပုံတင် ပေးရန်အတွက် တင်ပြရန် လိုအပ်သော အထောက်အထား အချက်အလက်များနှင့် မှတ်ပုံတင်ခများကို သတ်မှတ်ပေးရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပြင်ပပညာရှင်များထံမှလည်း အကြံဉာဏ် ရယူနိုင်သည်။

၈။ မြေသြဇာတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ပေးရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ပေးရန် လျှောက်ထားလာသောအခါ လျှောက်လွှာတွင် ဖော်ပြထားသော မြေသြဇာအာနိသင်ဆိုင်ရာ အချက်အလက်များကို အခြေခံလျက် မြေသြဇာ၏ ထိရောက်မှုရှိခြင်း၊ လူ၊ တိရစ္ဆာန်နှင့် သဘာဝ ပတ်ဝန်းကျင်တို့အား အဆိပ်မသင့်စေမှုနှင့် အန္တရာယ် မဖြစ်စေရန်တို့ကို ထည့်သွင်းစဉ်းစားပြီး မှတ်ပုံတင်လျှောက်ထားသော ကိစ္စရပ်များကို ဆုံးဖြတ်ရမည်။

၉။ မြေသြဇာကော်မတီသည် မြေသြဇာလုပ်ငန်း မှတ်ပုံတင်သက်တမ်းကို လိုအပ်သလိုသတ်မှတ်နိုင် သည့် မှတ်ပုံတင်သက်တမ်း ကုန်ဆုံး၍ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားလာသော ကိစ္စနှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်ပြီး အောက်ပါအမိန့် တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက် အထောက်အထားများ ရရှိသည့်အထိ လျှောက်လွှာကို ဆိုင်းငံ့ထားခြင်း၊

(ခ) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည့်ဟု ထင်မြင်ယူဆသော အမိန့် တစ်ရပ်ရပ် ချမှတ်ခြင်း၊

၁၀။ မြေသြဇာကော်မတီသည် ဖြန့်ဖြူးရောင်းချလိုသူများအတက် လိုင်စင်လျှောက်ထားရန် လိုအပ်သော အနိမ့်ဆုံးအလေးချိန် ပမာဏကို သတ်မှတ်ပေးရမည်။ အချိန်အခါနှင့် အခြေအနေအရ သတ်မှတ်ပေးထားသော အလေးချိန်ပမာဏကို (၁၀၀ အိတ်)ပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆ ပါက ပြင်ဆင် သတ်မှတ်ပေးနိုင်သည်။

၁၁။ မြေသြဇာကော်မတီသည် မှတ်ပုံတင်လျှောက်ထားသည်ကိစ္စနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက်များ ရရှိသည်အထိ လျှောက်လွှာကို ဆိုင်းငံ့ထားခြင်း၊

(ခ) မှတ်ပုံတင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၁၂။ မြေသြဇာ၏ အကျိုးသက်ရောက်မှုကို စီစစ်နိုင်ရန်နှင့် မြေသြဇာဆိုင်ရာ အချက်အလက်များကို အကြံပြုနိုင်ရန် ကျွမ်းကျင်သူများ ပါဝင်သော မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ ကိုလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကို လည်းကောင်း ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ မြေသြဇာကော်မတီသည် အပိုဒ် (၁၂) အရ နည်းပညာအဖွဲ့ကို ဖွဲ့စည်းရာတွင် မြေသြဇာကော်မတီ၏ အဖွဲ့ဝင်များအပြင် ကျွမ်းကျင်သူပညာရှင်များကိုပါ ထည့်သွင်း၍ ဖွဲ့စည်းနိုင်သည်။

၁၄။ မြေသြဇာဆိုင်ရာ နည်းပညာ အဖွဲ့တွင် မြေသြဇာကော်မတီ၏ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မြေသြဇာလုပ်ငန်းနှင့် သက်ဆိုင်သော အရာထမ်းတစ်ဦးအား အတွင်းရေးမှူးအဖြစ် တာဝန်ပေးနိုင်သည်။

၁၅။ မြေသြဇာကော်မတီက ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို မြေသြဇာနှင့် ပတ်သက်၍ ဆောင်ရွက်နေကြသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက လိုက်နာဆောင်ရွက်စေရန် လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်နှင့် သတိပေးချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၁၆။ မြေသြဇာကော်မတီသည် မြေသြဇာစစ်ဆေးသည့် ဓာတ်ခွဲခန်းများအား အသိအမှတ်ပြုရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် သတ်မှတ်ချက်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၇။ မြေသြဇာကော်မတီသည် မြေသြဇာနှင့်ပတ်သက်၍ စံချိန်စံညွှန်းများကို ကျွမ်းကျင်သူ ပညာရှင်များ၏ အကြံဉာဏ်ကိုရယူ၍ သတ်မှတ်ပေးနိုင်သည့် အချိန်အခါနှင့် အခြေအနေအရ သတ်မှတ်ထားသော စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင် သတ်မှတ်ရန် လိုအပ်လာပါက ပြန်လည်ပြင်ဆင် သတ်မှတ်နိုင်သည။

၁၈။ မြေသြဇာကော်မတီသည် မိမိ၏ဆောင်ရွက်ချက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးထံ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း(၃)

## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၉။ မြေဩဇာထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်တင်းသို့ တင်သွင်းခြင်း လုပ်ငန်းများ လုပ်ကိုင်လိုသော အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် မြေဩဇာ ကော်မတီ အတွင်းရေးမှူးထံ မှတ်ပုံတင် လျှောက်ထားရမည်။

၂၀။ မြေဩဇာ ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ပုံစံ (၁)ဖြင့် လည်းကောင်း၊ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းအတွက် ပုံစံ(၂)ဖြင့်လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း လုပ်ငန်းအတွက် ပုံစံ (၃)ဖြင့် လည်းကောင်း သီးခြားစီကို ပုံစံများတွင် ပြည့်စုံစွာဖော်ပြလျက် မြေဩဇာကော်မတီသို့ မှတ်ပုံတင် လျှောက်ထားရမည်။

၂၁။ မြေဩဇာကော်မတီသည် အပိုဒ်(၁၉)နှင့် (၂၀)တို့အရ လျှောက်ထားလာသော လျှောက်လွှာ များနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို လျှောက်ထားသူ ထံမှ တောင်းခံခြင်း၊

(ခ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၂၂။ မြေဩဇာကော်မတီသည် အပိုဒ် (၁၈) နှင့် (၁၉)တို့ဖြင့် လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခွင့်ပြုပါက -

(က) မြေဩဇာ ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ပုံစံ(၄)ဖြင့် လည်းကောင်း၊

(ခ) မြေဩဇာကို ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းအတွက် ပုံစံ(၅)ဖြင့် လည်းကောင်း၊

(ဂ) မြေဩဇာကို ပြည်တွင်းသို့ တင်သွင်းခြင်း လုပ်ငန်းအတွက် ပုံစံ(၆)ဖြင့် လည်းကောင်း၊ မှတ်ပုံတင်ကိုထုတ်ပေးရမည်။

၂၃။ မြေသြဇာမှတ်ပုံတင်ရရှိပြီးသော လုပ်ငန်းရှင်သည် ပြင်ပသို့တင်ပို့ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန်ရှိသော မြေသြဇာ တစ်မျိုးမျိုးအတွက် ပါမစ်/လိုင်စင်လျှောက်ထားရန် လိုအပ်သော ထောက်ခံချက်ကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ လျှောက်ထားရမည်။

၂၄။ ပိုဒ် (၂၂) အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရန်အတွက် ပုံစံ(၇)နှင့် ပြည်တွင်းသို့ တင်သွင်းရန်အတွက် ပုံစံ(၈)တို့ကို ပြည့်စုံစွာ ဖော်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူးသို့ လျှောက်ထားရမည်။

၂၅။ ဦးဆောင်ညွှန်ကြားရေးမှူးသည် အပိုဒ်(၂၁)အရ လျှောက်ထားလာသော လျှောက်လွှာများနှင့်စပ်လျဉ်း၍ စီစစ်ပြီးနောက် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ထပ်မံလိုအပ်သည့် အချက်အလက် အထောက်အထားများကို လျှောက်ထားသူထံ တောင်းခံခြင်း၊

(ခ) ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အခြားသင့်သည်ဟု ယူဆသော အမိန့် တစ်ရပ်ရပ် ချမှတ်ခြင်း၊

၂၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် အပိုဒ် (၂၁) အရ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ထောက်ခံချက်ကို -

(က) ပြည်ပသို့ တင်ပို့ရန်အတွက ပုံစံ (၉) ဖြင့်လည်းကောင်း၊

(ခ) ပြည်တွင်းသို့ တင်သွင်းရန်အတွက် ပုံစံ (၁၀) ဖြင့် လည်းကောင်း ထောက်ခံချက်ကို ထုတ်ပေးရမည်။

## အခန်း(၄)

## မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၇။ မြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့သည် မြေသြဇာကော်မတီအား အထောက်အကူ ဖြစ်စေရန် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတကာ မြေသြဇာ စံချိန်စံညွှန်းနှင့် မြေသြဇာ ထုတ်ပိုးပစ္စည်းများ၊ ထုတ်ပိုးပုံနှင့် အလေးချိန် ပမာဏတို့ကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံနှင့် သင့်တော်မည့် မြေသြဇာ စံချိန်စံညွှန်းများ၊ ထုပ်ပိုးပုံနှင့် ထုပ်ပိုးပစ္စည်းများ၏ အရည်အသွေးများနှင့် အလေးချိန် ပမာဏတို့ကို မြေသြဇာကော်မတီသို့ တင်ပြရမည်။

(ခ) မြေသြဇာကော်မတီမှ ချမှတ်ပေးသော မှတ်ပုံတင် လျှောက်လွှာများနှင့် စပ်လျဉ်း၍ စီစစ်လေ့လာသုံးသပ်ခြင်းများ ပြုလုပ်၍ မြေသြဇာကော်မတီထံ မှတ်ပုံတင်အတွက် ထောက်ခံချက်များနှင့်တကွ တင်ပြရမည်။

(ဂ) မြေသြဇာကော်မတီမှ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ သတိပေးနှိုးဆော်ခြင်းများ အခါအားလျော်စွာ ထုတ်ပြန်နိုင်ရန်အတွက် အချက်အလက် အထောက်အထားများကို စုစည်းရယူ တင်ပြရမည်။

(ဃ) မြေသြဇာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရဌာနများ၊ အဖွဲ့အစည်းများ အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မြေသြဇာကော်မတီမှ အခါအားလျော်စွာ ချမှတ်ပေးသော တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း(၅)

## မြေသြဇာတင်သွင်းသူက လိုက်နာရမည့် အချက်များ

၂၈။ မြေသြဇာကော်မတီသည် မှတ်ပုံတင်ထားသည့် မြေသြဇာ တင်သွင်းသူက အောက်ပါ သတ်မှတ်ချက်များကို လိုက်နာရမည်ဟု မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြရမည် -

(က) ပြည်ပမှ တင်သွင်းသော မြေသြဇာများ ရောက်ရှိလာပြီးနောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ စစ်ဆေးမှုကို မပျက်မကွက် ခံယူရမည်။ အရည်အသွေး စစ်ဆေးရန်အတွက် နမူနာရယူရန် သတ်မှတသည့် နည်းလမ်းအတိုင်း သတ်မှတ်သည့် နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို စစ်ဆေးရေးမှူးအား အခမဲ့ရယူခွင့်ပြုရမည့်အပြင် လိုအပ်သည့်

အကူအညီများကို ပေးရမည်။ ထိုသို့ ရယူရာတွင် စစ်ဆေးရေးမှူးက နမူနာရယူသည့် လက်မှတ်ကို ပုံစံ(၁၂)ဖြင့် ထုတ်ပေးရမည်။

(ခ) မြေသြဇာများကို မြေသြဇာကော်မတီက ထုတ်ပြန်သည့် လမ်းညွှန်ချက်အတိုင်း အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်စေခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သို့လှောင် ထိန်းသိမ်းခြင်းပြုရမည်။

(ဂ) မြေသြဇာကို လက်ကားရောင်းချရာတွင် လိုင်စင် ရရှိသူများကိုသာ ရောင်းချခြင်း၊ အရောင်းပြေစာ ထားရှိခြင်း၊ မြေသြဇာ အမျိုးအစားအလိုက် အရောင်း မှတ်ပုံတင်ဖွင့်လှစ်ရေးသွင်းရမည်။

(ဃ) မြေသြဇာများကို လူနေအိမ်အတွင်း သိုလှောင်ထားရှိခြင်း မပြုရ။

(င) မြေသြဇာများကို လုံခြုံစွာ ထုပ်ပိုးထားရမည်။ ပေါက်ပြဲနေသည့် မြေသြဇာအိတ်များကို လုံခြုံစွာ ပြန်လည်ထုပ်ပိုးပြီးမှ ရောင်းချရမည်။

(စ) မြေသြဇာများ၏ အာနိသင်၊ အရည်အသွေးနှင့် စံချိန်စံညွှန်းတို့နှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုရ၊ မြေသြဇာ ကော်မတီက ခွင့်ပြုထားသည့်အတိုင်းသာ ကြော်ငြာရောင်းချရမည်။

(ဆ) မြေသြဇာကို ပြည်ပမှတင်သွင်းရန်၊ ထောက်ခံချက်ရယူရန် လျှောက်ထားသည့်အခါ မြေသြဇာ နမူနာကို ဓါတ်ခွဲစမ်းသပ်ရေးအတွက် ပုံစံ (၁၁) ဖြင့် လျှောက်ထားရမည်။

(ဇ) ထုတ်လုပ်သည့် အိတ်တိုင်းတွင် ထုတ်လုပ်သည့် ရက်စွဲနှင့် Lot No ထည့်ပေးရန်။

## အခန်း(၆)
## လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၉။ မြေသြဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည် ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း လုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် ရယူရန် လျှောက်ထားရမည်။

၃၀။ အပိုဒ် (၂၉) အရ လုပ်ငန်းလိုင်စင် ရယူရန် လုပ်ငန်းဆောင်ရွက်လိုသူသည် ပုံစံ(၁၃)ဖြင့် ပြည့်စုံစွာ ဖြည့်သွင်းလျက် ဦးဆောင်ညွှန်ကြားရေးမှူးထံ လိုင်စင်လျှောက်ထားရမည်။

၃၁။ ဦးဆောင်ညွှန်ကြားရေးမှူးသည် အပိုဒ်(၃၀)အရ လျှောက်ထားလာသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်ရမည် -

(က) ထပ်မံလိုအပ်သည့် အထောက်အထားနှင့် အချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

၃၂။ ဦးဆောင်ညွှန်ကြားရေးမှူးသည် အပိုဒ်(၃၀)အရ လျှောက်ထားလာသည့် ကိစ္စနှင့် ပတ်သက်၍ ခွင့်ပြုပါက ပုံစံ(၁၄)ဖြင့် လိုင်စင်ကို ထုတ်ပေးရမည်။

၃၃။ မြေဩဇာကော်မတီက သတ်မှတ်သော အလေးချိန်ပမာဏထက် ကျော်လွန်သည့် မြေဩဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ်/တိုင်းမန်နေဂျာထံ လျှောက်ထားရမည်။

၃၄။ အပိုဒ်(၃၃)အရ လုပ်ငန်းလိုင်စင် ရယူရန် လုပ်ငန်းဆောင်ရွက်လိုသူသည် ပုံစံ(၁၅)ဖြင့် ပြည့်စုံစွာဖြင့်သွင်းလျက် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မန်နေဂျာထံ လိုင်စင် လျှောက်ထားရမည်။

၃၅။ ပြည်နယ်/တိုင်းမန်နေဂျာသည် အပိုဒ်(၃၄)အရ လျှောက်ထားလာသော လျှောက်လွှာများ နှင့် စပ်လျဉ်း၍ စိစစ်ပြီးနောက် အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်ရမည် -

(က) ထပ်မံ လိုအပ်သည့် အထောက်အထားနှင့် အချက်အလက်များကို လျှောက်ထားသူ ထံမှ တောင်းခံခြင်း၊

(ခ) လိုင်စင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၃၆။ ပြည်နယ်/တိုင်း မန်နေဂျာသည် အပိုဒ်(၃၄)အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ လင်စင် ခွင့်ပြုပါက ပုံစံ (၁၆) ဖြင့် လိုင်စင် ထုတ်ပေးရမည်။

## အခန်း (၇)

## လိုင်စင်ရသူက လိုက်နာရမည့် စည်းကမ်းအချက်များ

၃၇။ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ပြည်နယ်/တိုင်း မန်နေဂျာသည် လိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ရရှိသူက အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည်ဟု လိုင်စင်တွင် ဖော်ပြရမည် -

(က) လိုင်စင်ကို အများမြင်သာသော နေရာတွင် ချိတ်ဆွဲထားရမည်။

(ခ) လိုင်စင်တွင် ဖော်ပြထားသော မြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင် ဖြန့်ဖြူးရောင်းချခြင်းများကိုသာ ပြုရမည်။

(ဂ) ပြည်တွင်းတွင် ပြန်လည်ပေါင်းစပ်ခြင်း ရောနှောခြင်း ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ပြန်လည်ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းဖြင့် ရရှိသော မြေဩဇာများ၏ အရည်အသွေးအာနိသင် စံချိန်စံညွှန်းတို့နှင့် စပ်လျဉ်း၍ တာဝန်ယူရမည်။

(င) မြေဩဇာများကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်း သယ်ယူပို့ဆောင်ခြင်း နှင့် သိုလှောင်ခြင်း ပြုရမည်။

(စ) မြေဩဇာများကို လူနေအိမ်အတွင်း သိုလှောင်ထားခြင်း မပြုရ။

(ဆ) မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖောပြရမည် -

(၁) ကုန်အမှတ်တံဆိပ်၊

(၂) မြေဩဇာ၏ အသားတင် အလေးချိန်၊

(၃) မြေဩဇာတွင် ပါဝင်သည့် အပင် အာဟာရ ရာခိုင်နှုန်း၊

(၄) မြေဩဇာတွင် ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့် အမျိုးအစား၊

(၅) လူနှင့် ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှု မရှိခြင်း၊

(၆) သုံးစွဲရန်အညွှန်း၊

(၇) ထုတ်လုပ်သည့်ရက်စွဲ Lot No ထည့်ရန်၊

(ဇ) မြေသြဇာများကို လက်ကားရောင်းချခြင်းအား မြေသြဇာကော်မတီက သတ်မှတ်ထားသော အလေးချိန်နှင့် ပမာဏထက် ကျော်လန်ပါက လိုင်စင်ရသူများကိုသာ ပြေစာဖြင့် ရောင်းချပြီး မှတ်ပုံတင်စာအုပ်တင် ရေးသွင်းထားရမည်။

(ဈ) မြေသြဇာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မန်နေဂျာများကဖြစ်စေ၊ စစ်ဆေးရေးမှူးကဖြစ်စေ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည့်အပြင် လိုအပ်သည့် အကူအညီ များကိုလည်း ပေးရမည်။

(ည) အပိုဒ်ခွဲ (၁၂)အရ စစ်ဆေးရာတွင် အရည်အသွေးစစ်ဆေးရန်အတွက နမူနာတောင်းခံလာပါက နမူနာရယူရန် သတ်မှတ်သည့် နည်းလမ်းအတိုင်း နမူနာအရေအတွက် သို့မဟုတ် အလေးချိန်ကို သက်ဆိုင်ရာ မန်နေဂျာ သို့မဟုတ် စစ်ဆေးရေးမှူးအား အခမဲ့ ရယူခွင့်ပြုရမည်။ ထိုသို့ ရယူရာတွင် သက်ဆိုင်ရာ မန်နေဂျာ သို့မဟုတ် စစ်ဆေးရေးမှူးက နမူနာယူသည့် လက်မှတ်ပုံစ(၁၂)ဖြင့် ထုတ်ပေးသည့် လက်မှတ်ကို ရယူထား ရမည်။

(ဋ) လိုင်စင်ရသူသည် မြေသြဇာ၏ အရည်အသွေး စံချိန်စံညွှန်းများကို စစ်ဆေးပေးရန် ပုံစံ(၁၁)ဖြင့် လျှောက်ထားရမည်။

(ဌ) မြေသြဇာများ၏ အာနိသင် အရည်အသွေး စံချိန်စံညွှန်းတို့နှင့် စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာရောင်းချခြင်း မပြုရ၊

(ဍ) မြေသြဇာကို လုံခြုံစွာ ထုပ်ပိုးထားရမည်။ ပေါက်ပြဲနေသော မြေသြဇာအိတ်များကို လုံခြုံစွာ ပြန်လည် ထုပ်ပိုးပြီးမှ ရောင်းချရမည်။

## အခန်း(၈)

## ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြည်နယ်/တိုင်း မန်နေဂျာများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၈။ လိုင်စင်ခ၊ လိုင်စင်သက်တမ်းနင့် ဓာတ်ခွဲစမ်းသပ်ခတို့ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကော်မတီက သတ်မှတ်ပေးရမည်။

၃၉။ ပြည်ပမှ မြေသြဇာတင်သွင်းရန်ရှိသူက တင်ပြလာသော ကိစ္စနှင့် စပ်လျဉ်း၍ ဦးဆောင်ညွှန်ကြားရေးမှူးက စီစစ်ပြီး ကုန်သွယ်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနသို့ လိုအပ်သလို ဆောင်ရွက်ပေးရန် ထောက်ခံတင်ပြရမည်။

၄၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မြေသြဇာအရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီမှု ရှိ မရှိ စစ်ဆေးနည်းနှင့် ဓာတ်ခွဲစစ်ဆေးရန် နမူနာရယူနည်းများတို့နှင့် ပတ်သက်၍ အမိန့် ထုတ်ပြန် သတ်မှတ်ပေးရမည်။

၄၁။ မြေသြဇာများနှင့် စပ်လျဉ်း၍ မှတ်ပုံတင်နှင့် လိုင်စင်လက်မှတ်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိစေရန် သက်ဆိုင်ရာ ပြည်နယ်/တိုင်းမန်နေဂျာနှင့် စစ်ဆေးရေးမှူးများက ကြီးကြပ်ကွပ်ကဲရမည်။

၄၂။ မြေသြဇာ ကော်မတီမှ အသိအမှတ်ပြုသည့် ဓာတ်ခွဲခန်းတွင် စစ်ဆေးပြီးနောက် မြေသြဇာ အရည်အသွေးနှင့် စံချိန်စံညွှန်း စစ်ဆေးတွေ့ရှိချက်၊ သက်သေခံလက်မှတ်ကို ပုံစံ (၁၇)ဖြင့် သက်ဆိုင်ရာ မန်နေဂျာ (သို့မဟုတ်) စစ်ဆေးရေးမှူး၊ နမူနာပိုင်ရှင်တို့ထံ တစ်စောင်စီထုတ်ပေးရမည်။ အရည်အသွေး၊ စံချိန်စံညွှန်း လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိလျှင် ဦးဆောင်ညွှန်ကြားရေးမှူးထံသို့ အမြန်ဆုံး တင်ပြရမည်။

၄၃။ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းနှင့် ပြည်နယ်မန်နေဂျာများသည် မိမိတို့ ထုတ်ပေးထားသော မြေသြဇာလိုင်စင်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆက်လက်လုပ်ကိုင်လို၍ သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားလာသော ကိစ္စတို့အား စီစစ်ပြီး လိုင်စင်သက်တမ်းကို တိုးမြှင့် ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၄။ ဦးဆောင်ညွှန်ကြားရေးမှူးသည် နယ်မြေအလိုက် စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့များကို တာဝန်ပေးအပ်ရမည်။

## အခန်း(၉)

## စစ်ဆေးရေးမှူး၏ တာဝန်များ

၄၅။ စစ်ဆေးရေးမှူးသည် မိမိအားသတ်မှတ်ပေးသည့် နယ်မြေအတွင်း၌ မြေသြဇာလုပ်ငန်းများကို စစ်ဆေးရမည်။

၄၆။ မြေသြဇာအရည်အသွေး စစ်ဆေးရန် ရယူထားသည့် နမူနာကို နမူနာရယူသည့် လက်မှတ်မိတ္တူနှင့်တကွ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေသြဇာဓာတ်ခွဲခန်းသို့ မူလအခြေအနေအတိုင်း ရောက်ရှိရန် ပေးပို့ရမည်။

၄၇။ မြေသြဇာနမူနာများနှင့် စပ်လျဉ်း၍ ပုံစံ (၁၁)နှင့် ပုံစံ (၁၂) တို့ကို မပျက်မကွက် အသုံးပြုရမည်။

၄၈။ မြေသြဇာဓာတ်ခွဲခန်းမှ စမ်းသပ်စစ်ဆေးပြီးသည့် နမူနာသည် အရည်အသွေး စံချိန်စံညွှန်း လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိရလျှင် မြေသြဇာနည်းပညာအဖွဲ့ ဥက္ကဋ္ဌထံ အမြန်ဆုံး တင်ပြရမည်။

၄၉။ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်း သုံးစွဲခြင်းပြု - မပြုကို စစ်ဆေးရမည်။

၅၀။ မှတ်ပုံတင်နှင့် လိုင်စင်တွင် သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးရမည်။

၅၁။ ဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေအရ အရေးယူနိုင်ရေးကို ဆောင်ရွက်ရမည်။

၅၂။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပေးအပ်သည့် အခြားတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

## အခန်း(၁၀)

## အထွေထွေ

၅၃။ မြေသြဇာစာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းကို မြေသြဇာကော်မတီက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများကသာ စစ်ဆေးပေးနိုင်သည်။ အကယ်၍ ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာလျှင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေသြဇာ ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၅၄။ မြေသြဇာကော်မတီက မြေသြဇာဓါတ်ခွဲ စမ်းသပ်စစ်ဆေးနိုင်ကြောင်း အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများသည် ဓာတ်ခွဲသည့်နည်းစနစ်များ တူညီရေး၊ ဓာတ်ခွဲတွေ့ရှိချက်များ မှန်ကန်ရေးတို့ အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေသြဇာဓာတ်ခွဲခန်း၏ ညွှန်ကြားချက်နှင့်အညီ ဓာတ်ခွဲစမ်းသပ် ရမည်။

၅၅။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် မှတ်ပုံတင်ခွင့်ပြုထားသော မြေသြဇာများနှင့် လိုင်စင် ခွင့်ပြုထားသော မြေသြဇာများနှင့် စပ်လျဉ်း၍ လက်တွေ့သုံးစွဲရာတွင် သီးနှံများကို ထိရောက်ခြင်း ရှိ မရှိ၊ သုံးစွဲသူများအတွက်လည်း စီးပွားရေးတွက်ခြေကိုက်မှု ရှိ မရှိ စသည့်အချက်များကို အခါအားလျော်စွာ စိုက်ခင်းစမ်းသပ်ချက်များ ပြုလုပ်၍ ပြန်လည် ဆန်းစစ်၍ ရရှိသည့် အထောက်အထား အချက်အလက် များကို မြေသြဇာကော်မတီနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ထံသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံ ရမည်။

၅၆။ မြေသြဇာကော်မတီသည် မှတ်ပုံတင်ထားသော မြေသြဇာများနှင့် လိုင်စင်ခွင့်ပြုထားသော မြေသြဇာများကို သုံးစွဲသူများက ထိရောက်စွာနှင့် အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးတို့အတွက် အခါ အားလျော်စွာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၅၇။ မှတ်ပုံတင် ခွင့်ပြုထားခြင်း သို့မဟုတ် လိုင်စင်ခွင့်ပြုထားခြင်း မရှိသော မြေသြဇာများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းမရှိစေရန် မြေသြဇာကော်မတီသည် အခါမလပ် စစ်ဆေးရမည်။

၅၈။ မြေသြဇာကော်မတီသည် အခါအားလျော်စွာ လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ထုတ်ပြန်ဆောင်ရွက်ရမည်။

ပုံစံ(၁)

# မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်လွှာ

နေ့စွဲ၊ - -

သို့

အတွင်းရေးမှူး

မြေသြဇာကော်မတီ

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

ရန်ကုန်မြို့ ။

အကြောင်းအရာ။ မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်းကိစ္စ။

မြေသြဇာထုတ်လုပ်ရန်အတွက် မှတ်ပုံတင်ဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ

(က) အမည် ------------------------------------------

(ခ) ကုမ္ပဏီအမည် ------------------------------------------

၂။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် / ------------------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၃။ ပညာအရည်အချင်း ------------------------------------------

၄။ အမြဲတမ်း နေရပ်လိပ်စာ ------------------------------------------

၅။ မြေသြဇာ ထုတ်လုပ်၊ ရောင်းချ၊ ------------------------------------------

သိုလှောင်သည့်နေရာအဆောက် ------------------------------------------

အဦးလိပ်စာ ------------------------------------------

(က) အဆောက်အဦးအမျိုးအစား ------------------------------------------

(အမိုး၊ အကာ၊ အခင်း) ------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ------------------------------------------

(ဂ) စက်ရုံမှတ်ပုံတင် ရရှိပြီး/မပြီး ------------------------------------------

(ဃ) အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ------------------------------------------

ခွင့်ပြုသည့်မှတ်ပုံတင်အမှတ်နှင့် ------------------------------------------

နေ့စွဲ ------------------------------------------

ပုံစံ(၁)အဆက်

၆။ ထုတ်လုပ်မည့်မြေသြဇာ

(က) အမည် -------------------------------------------

(ခ) စံချိန်စံညွှန်းများ (၁) -------------------------------------------

(၂) -------------------------------------------

(၃) -------------------------------------------

(၄) -------------------------------------------

(၅) -------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း

(၁) အမျိုးအစား -------------------------------------------

(၂) အရွယ်အစား -------------------------------------------

(၃) အသားတင်အလေးချိန် -------------------------------------------

၇။ နှစ်အလိုက်ထုတ်လုပ်ရနခန့်မှန်း -------------------------------------------

ပမာဏ (မက်ထရစ်တန်/လီတာ)

၈။ ထုတ်လုပ်မည့်တာဝန်ရှိပုဂ္ဂိုလ်

(က) အမည် -------------------------------------------

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့်အတွေ့အကြုံ ------------------------------

------------------------------------------------------------------

၉။ အခြားအချက်အလက်များ

(က) ပညာရပ်ဆိုင်ရာအချက်အလက်များ ----------------------------------------

(ခ) ထုတ်လုပ်မှုနည်းစနစ်အကျဉ်း -------------------------------------------

(ဂ) ဘေးထွက်/စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ထားရှိသည့် အစီအစဉ် ------------------------------------------------------------------

------------------------------------------------------------------

"<u>မှတ်ချက</u>"

အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲဖြင့်ဖော်ပြရမည်။

------------------------------

( လျှောက်ထားသူ၏လက်မှတ် )

ပုံစံ(၂)

# ပြည်ပသို့မြေသြဇာ တင်ပို့သူ မှတ်ပုံတင်လျှောက်လွှာ

နေ့စွဲ၊ - -

သို့

အတွင်းရေးမှူး
မြေသြဇာကော်မတီ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ရန်ကုန်မြို့ ။

အကြောင်းအရာ။ ပြည်ပသို့မြေသြဇာ တင်ပို့သူ မှတ်ပုံတင်လျှောက်ထားခြင်းကိစ္စ။

ပြည်ပသို့ မြေသြဇာတင်ပို့ရန်အတွက် မှတ်ပုံတင်ဆောင်ရွက်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
  (က) အမည် ------------------------------------------
  (ခ) ကုမ္ပဏီအမည် ------------------------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် / ------------------------------------------
  နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------
၃။ အမြဲတမ်း နေရပ်လိပ်စာ ------------------------------------------
၄။ ပြည်ပသို့တင်ပို့လိုသည့်မြေသြဇာ ------------------------------------------
  (က) အမည် ------------------------------------------
  (ခ) စံချိန်စံညွှန်း ------------------------------------------
  (ဂ) ထုပ်ပိုးပစ္စည်း
    (၁) အမျိုးအစား ------------------------------------------
    (၂) အရွယ်အစား ------------------------------------------
    (၃) အသားတင်အလေးချိန် ------------------------------------------
၅။ နှစ်အလိုက်တင်ပို့ရန်ခန့်မှန်း ------------------------------------------
  ပမာဏ (မက်ထရစ်တန်/လီတာ)

"<u>မှတ်ချက်</u>"။ မြေသြဇာကော်မတီမှ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပြည်ပသို့တင်ပို့ရန် ထောက်ခံစာလျှောက်ထားသည့်အခါ ပြည်ပသို့တင်ပို့မည့် မြေသြဇာနမူနာများကို တပါတည်းပေးပို့ပါသည်။

------------------------------
(လျှောက်ထားသူ၏လက်မှတ်)

ပုံစံ(၃)

# ပြည်တွင်းသို့မြေသြဇာ တင်သွင်းသူ မှတ်ပတင်လျှောက်လွှာ

နေ့စွဲ၊ - -

သို့

အတွင်းရေးမှူး
မြေသြဇာကော်မတီ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ရန်ကုန်မြို့ ။

အကြောင်းအရာ။ ပြည်တွင်းသို့မြေသြဇာ တင်သွင်းသူ မှတ်ပုံတင်လျှောက်ထားခြင်းကိစ္စ။

ပြည်တွင်းသို့ မြေသြဇာတင်သွင်းရန်အတွက် မှတ်ပုံတင်ဆောင်ရွက်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
- (က) အမည် ------------------------------------------
- (ခ) ကုမ္ပဏီအမည် ------------------------------------------

၂။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် / ------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၃။ အမြဲတမ်း နေရပ်လိပ်စာ ------------------------------------------

၄။ ပြည်တွင်းသို့တင်သွင်းလိုသည့်မြေသြဇာ ------------------------------------------
- (က) အမည် ------------------------------------------
- (ခ) စံချိန်စံညွှန်း ------------------------------------------
- (ဂ) ထုပ်ပိုးပစ္စည်း
  - (၁) အမျိုးအစား ------------------------------------------
  - (၂) အရွယ်အစား ------------------------------------------
  - (၃) အသားတင်အလေးချိန် ------------------------------------------

၅။ နှစ်အလိုက်တင်သွင်းရန်ခန့်မှန်းပမာဏ ------------------------------------------
(မက်ထရစ်တန်/လီတာ) ------------------------------------------

"<u>မှတ်ချက်</u>"။ မြေသြဇာကောမတီမှ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပြည်တွင်းသို့တင်သွင်းရန် ထောက်ခံစာလျှောက်ထားသည့်အခါ ပြည်တွင်းသို့တင်သွင်းမည မြေသြဇာနမူနာ များကို တပါတည်းပေးပို့ပါသည်။

------------------------------
(လျှောက်ထားသူ၏လက်မှတ်)

ပုံစံ (၄)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မြေသြဇာကော်မတီ
# မြေသြဇာထုတ်လုပ်ခွင့်မှတ်ပုံတင်လက်မှတ်

နေ့စွဲ၊ - -

၁။ မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ------------------------------ / ----------------------------
ရက်စွဲပါလျှောက်လွှာအမှတ်၊ --------------------------------- ဖြင့် မှတ်ပုံတင်ခွင့်ရရှိရန် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်ခွင့်ပြုရန် မှတ်ပုံတင်လျှောက်ထားသော မြေသြဇာအား မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ခွင့်ပြုကြောင်း မြေသြဇာဥပဒေပုဒ်မ(၇) ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်ပြီးဖြစ်သည်။

၂။ တာဝန်ခံထုတ်လုပ်သူအမည် ------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------

၅။ လုပ်ငန်းလိပ်စာ ------------------------------------------

၆။ မှတ်ပုံတင်ထားသောမြေသြဇာ
(က) အမည် ------------------------------------------
(ခ) စံချိန်စံညွှန်း ------------------------------------------
(ဂ) ထုပ်ပိုးပစ္စည်း ------------------------------------------
(၁) အမျိုးအစား ------------------------------------------
(၂) အရွယ်အစား ------------------------------------------
(၃) အသားတင်အလေးချိန် ------------------------------------------

၇။ ၃-နှစ်သက်တမ်းကုန်ဆုံးသည့်နေ့ ------------------------------------------

"<u>မှတ်ချက်</u>" ဤမှတ်ပုံတင်လက်မှတ်ရရှိသူသည် မြေသြဇာအား ထိရောက်စွာနှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ထပ်မံသိရှိလာသော အချက်အလက်များအား တင်ပြရန် တာဝန်ရှိသည်။

( ရုံးတံဆိပ်)

( အတွင်းရေးမှူး)

ပုံစံ (၅)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မြေသြဇာကော်မတီ
# ပြည်ပသို့မြေသြဇာတင်ပို့ရန် မှတ်ပုံတင်လက်မှတ်

နေ့စွဲ၊ - -

၁။ မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ------------------------------- / ----------------------------- ရက်စွဲပါလျှောက်လွှာအမှတ်၊ ----------------------------------ဖြင့် မှတ်ပုံတင်ခွင့် ရရှိရန် သို့မဟုတ် ပြင်ဆင် မှတ်ပုံတင်ခွင့်ပြုရန် မှတ်ပုံတင်လျှောက်ထားသော မြေသြဇာအား ဥပဒေပုဒ်မ(၇) ပုဒ်မခွဲ(ခ)အရ ပြည်ပသို့တင်ပို့နိုင်သည့်အဆင့်ရှိကြောင်းမှတ်ပုံတင်ပြီးဖြစ်သည်။

၂။ တာဝန်ခံလျှောက်ထားသူ၏

(က) အမည် -------------------------------------------

(ခ) လုပ်ငန်းလိပ်စာ -------------------------------------------

၃။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် -------------------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ် -------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ -------------------------------------------

၅။ မှတ်ပုံတင်ထားသောမြေသြဇာ

(က) အမည် -------------------------------------------

(ခ) စံချိန်စံညွှန်း -------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း -------------------------------------------

(၁) အမျိုးအစား -------------------------------------------

(၂) အရွယ်အစား -------------------------------------------

(၃) အသားတင်အလေးချိန် -------------------------------------------

၇။ ၃-နှစ်သက်တမ်းကုန်ဆုံးသည့်နေ့ -------------------------------------------

( ရုံးတံဆိပ်)

( အတွင်းရေးမှူး)

ပုံစံ (၆)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မြေသြဇာကော်မတီ
# ပြည်တွင်းသို့မြေသြဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ်

နေ့စွဲ၊ - -

၁။ မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ------------------------------- / ------------------------------ ရက်စွဲပါလျှောက်လွှာအမှတ်၊ --------------------------------ဖြင့် မှတ်ပုံတင်ခွင့် ရရှိရန် လျှောက်ထားသော မြေသြဇာအား ပြည်တွင်းသို့ တင်သွင်းခွင့်ပြုရန် အဆင့်မီကြောင်း ဥပဒေပုဒ်မ(၇) ပုဒ်မခွဲ (ခ)အရ မှတ်ပုံတင်ပြီးဖြစ်သည်။

၂။ တာဝနခံလျှောက်ထားသူ

(က) အမည် ------------------------------------------

(ခ) ကုမဏီအမည် ------------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------

၅။ မှတ်ပုံတင်ထားသောမြေသြဇာ

(က) အမည် ------------------------------------------

(ခ) စံချိန်စံညွှန်း ------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း ------------------------------------------

(၁) အမျိုးအစား ------------------------------------------

(၂) အရွယ်အစား ------------------------------------------

(၃) အသားတင်အလေးချိန် ------------------------------------------

၇။ ၃-နှစ်သက်တမ်းကုန်ဆုံးသည့်နေ့ ------------------------------------------

( ရုံးတံဆိပ်)

( အတွင်းရေးမှူး)

ပုံစံ (၇)

# ပြည်ပသို့မြေဩဇာ တင်ပို့ရန် ထောက်ခံစာလျှောက်လွှာ

နေ့စွဲ၊ - -

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
ရန်ကုန်မြို့။

အကြောင်းအရာ။ ။ ပြည်ပသို့မြေဩဇာတင်ပို့ရန် ထောက်ခံစာလျှောက်ထားခြင်း။

ပြည်ပသို့ မြေဩဇာတင်ပို့နိုင်ရေးအတွက် ထောက်ခံစာထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
(က) အမည် ------------------------------------------
(ခ) ကုမ္ပဏီအမည် ------------------------------------------
(ဂ) တင်ပို့ခွင့်မှတ်ပုံတင်လက်မှတ်အမှတ်စဉ် ----------------------/------------------

၂။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် / ------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ------------------------------------------

၃။ အမြဲတမ်း နေရပ်လိပ်စာ ------------------------------------------

၄။ ပြည်ပသို့တင်ပို့လိုသည့်မြေဩဇာ ------------------------------------------
(က) အမည် ------------------------------------------
(ခ) စံချိန်စံညွှန်း ------------------------------------------
(ဂ) ထုပ်ပိုးပစ္စည်း
(၁) အမျိုးအစား ------------------------------------------
(၂) အရွယ်အစား ------------------------------------------
(၃) အသားတင်အလေးချိန် ------------------------------------------

၅။ တင်ပို့လိုသည့် ပမာဏ
(မက်ထရစ်တန် / လီတာ ) ------------------------------------------

